# ၁၈ ရာစု မှ ၁၉ ရာစုအတွင်းပေါ်ပေါက်သော အမေးအဖြေကျမ်းများ နှိုင်းယှဉ်လေ့လာချက်

ပါရဂူ (Ph.D) ဘွဲ့အတွက် တင်သွင်းသောကျမ်း

မခင်မြင့်

မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ်

၂၀၀၅–ခုနှစ်၊ ဒီဇင်ဘာလ

# ကျမ်းအကျဉ်းချုပ်

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါရဂူဘွဲ့ (မြန်မာစာ)အတွက် ကျမ်းပြုစုတင်သွင်းရာတွင် **"၁၈ ရာစု မှ ၁၉ ရာစုအတွင်း ပေါ်ပေါက်သော အမေးအဖြေကျမ်းများ နှိုင်းယှဉ်လေ့လာချက်"** ခေါင်းစဉ်ဖြင့် ကျမ်းတင်သွင်း ပြုစုခွင့်ရရှိခဲ့ပါသည်။

၁၈ ရာစု မှ ၁၉ ရာစုအတွင်း ပေါ်ပေါက်သော အမေးအဖြေကျမ်းများမှ လက်လှမ်းမီ၍ ထင်ရှားသော "နန်းစဉ်ပုစ္ဆာအမေးအဖြေကျမ်း၊ လက်ဝဲနော်ရထာလျှောက်ထုံးကျမ်း၊ ညောင်ကန်ဆရာတော်အဖြေကျမ်း၊ အမေးတော်ဖြေကျမ်း၊ ပဉ္စကထနကျမ်း၊ သမန္တစက္ခုဒီပနီကျမ်း၊ စွယ်စုံကျော်ထင်ကျမ်း" ဘို့ကို နှိုင်းယှဉ်၍ သုတေသနပြုပါသည်။

ဤကျမ်းတွင် အခန်း(၄)ခန်း ပါဝင်ပါသည်။

အခန်း(၁)တွင် အမေးအဖြေကျမ်း၏ သဘောသဘာဝ၊ လျှောက်ထုံး၊ အဖွင့်ကျမ်းတို့နှင့် ဆက်စပ်လေ့လာသင့်ပုံတို့ကို တင်ပြထားပါသည်။ အခန်း(၂)တွင် အမေးအဖြေကျမ်း(၇)ကျမ်းကို တစ်ကျမ်းချင်းထုတ်နုတ်တင်ပြထားပါသည်။ အခန်း(၃)တွင် အမေးအဖြေကျမ်း(၇)ကျမ်းမှ အကြောင်းအရာပိုင်းကို နှိုင်းယှဉ်လေ့လာတင်ပြထားပါသည်။ ဤအခန်းတွင် အမေးအဖြေကျမ်းများ၏ မေးပုံ၊ ဖြေဆိုပုံများနှင့် အရေးအသားတို့ကိုလည်းထုတ်နုတ်တင်ပြပါသည်။ အခန်း(၄)တွင် အမေးအဖြေကျမ်း(၇)ကျမ်းတို့ကို ခြုံငုံသုံးသပ်တင်ပြပါသည်။ ထို့နောက် နိဂုံး၊ နောက်ဆက်တွဲ၊ ကျမ်းကိုးစာရင်းတို့ကို ဖော်ပြပါသည်။ နောက်ဆက်တွဲတွင် မိမိလေ့လာတွေ့ရှိသော အမေးအဖြေကျမ်းအချို့ စာရင်းကို ဖော်ပြပါသည်။